## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၁၄) ရက်မြောက်နေ့အစီအစဉ်

## ( ၂၅ – ၆ –၂၀၂၆ ) (ကြာသပတေးနေ့)  နံနက် ၁၀:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းတင်ဦး၊ ကျေးသီးမဲဆန္ဒနယ်၏ **ကျေးသီးနှင့် မိုင်းကိုင်မြို့နယ်များတွင် နိုင်ငံသားမှတ်ပုံတင်လျှောက်ထားရာတွင် ရက်ချိန်းမမှန်ခြင်း၊ ပိုက်ဆံ အဆမတန်တောင်းခံခြင်းများအား အစိုးရမှ အောက်ခြေဌာနဝန်ထမ်းများထံသို့ ညွှန်ကြားစာများထုတ်ဆင့်ပေးပါရန် သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးအောင်ဇော်မိုး(ခ) အောင်ဇော်မိုးထွန်း၊ မူဆယ်မဲဆန္ဒနယ်၏ **မူဆယ်မြို့ ဒေသခံများ တရုတ်နိုင်ငံရွှေလီမြို့သို့ ဝင်ရောက်ရန် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ် (BP) စာအုပ် လျင်မြန်လွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် လားရှိုးမြို့များတွင် အစိုးရ စက်သုံးဆီခွဲဝေပေးမှု မရရှိခြင်းကြောင့် မြို့နယ် အသီးသီးသို့ စက်သုံးဆီခွဲဝေပေးမှု မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကိုကိုသင်း၊ ကမာရွတ်မဲဆန္ဒနယ်၏ **စက်သုံးဆီပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ခိုင်မာသောမဟာဗျူဟာမြောက် အရန်ဆီ သိုလှောင်မှုစနစ် (Strategic Petroleum Reserve) ဖော်ဆောင်ရန်နှင့် တင်သွင်း ဖြန့်ဖြူးမှုကွင်းဆက်ကို စနစ်တကျ ထိန်းကျောင်းပေးနိုင်သည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်၏ **ဒေသဆရာဝန်များပေါ်ထွန်းရန် ခရိုင်၊ မြို့နယ်အလိုက်ခွဲတမ်းဖြင့် ဆေးကျောင်းတက်နိုင်မည့် အခွင့်အလမ်းဖွင့်ပေးရန် မူဝါဒရေးဆွဲပေးရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်၏ **Grade 11 ENGLISH TEXTBOOK Unit 6 TRAVEL IN SOUTHEAST ASIA II 6 A Reading " Myanmar" Page 59 တွင် ဖော်ပြထားသည့် old pagodas အစား " ancient monuments"လို့ ပြင်ဆင်သင်ကြားပေးရန် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်ရှိ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများ၌ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ် စံနှုန်းများဖြင့် များစွာကွဲပြားနေကြောင်းတွေ့ရှိရသဖြင့် နိုင်ငံတော်က စီမံကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးဝင်းမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ် အ.ထ.က (အုတ်တွင်း) ကျောင်းမှ (၄)ခန်းတွဲ (၃)ထပ် ကျောင်းဆောင်၊ ဇီးဖြူသောင်အုပ်စု၊ ပဲကြီးကုန်ကျေးရွာ (အခြေခံပညာအလယ်တန်းကျောင်းခွဲ)ရှိ တစ်ထပ် ကျောင်းဆောင်နှင့် ဘန့်မွေးပင်ကျေးရွာ၊ မူလွန်ကျောင်း၊ (၁) ထပ် ကျောင်းဆောင်တို့အား တာဝန်ယူတည်ဆောက်ခဲ့သည့် တင်ဒါအောင် ကုမ္ပဏီတို့မှ ရပ်တန့်ထားသော လုပ်ငန်းဆောင်ရွက်မှုတို့အား မည်သည့် အချိန်တွင် ပြန်လည်စတင်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။